မင်းတဲကြီးကျေးရွာ

မင်းတဲကြီးကျေးရွာအုပ်စု၊ မင်းလှမြို့နယ်

မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

# (ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ မင်းတဲကြီးကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မင်းလှမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

အောက်တိုဘာလ ၊ ၂၀၁၈

# မာတိကာ

မာတိကာ


၁။ စကားချီး

၂။ သယံဇာတပြမြေပုံ

၃။ တည်နေရာနှင့် ပထဝီအနေအထား

၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၅။ ဦးစားပေးစီမံချက်များအကောင်အထည်ဖော်မည့် အချိန်ကာလ

၆။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၆။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

## ၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ မင်းတဲကြီးကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် မင်းလှ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူး တင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

အောက်တိုဘာလ ၊ ၂၀၁၈ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မင်းတဲကြီးကျေးရွာ

မင်းလှမြို့နယ်


မင်းလှမြို့နယ် ခင်းတဲကြီးကျေးရွာအုပ်စု အညွှန်းပြမြေပုံ

## ၂။ တည်နေရာနှင့် ပထဝီအနေအထား

မင်းတဲကြီးကျေးရွာသည် မင်းတဲကြီးအုပ်စုတွင်ပါဝင်ပြီး မင်းလှမြို့၏ တောင်ဘက် (၂၂) မိုင်ခန့်အကွာအဝေးတွင် တည်ရှိပါသည်။ ကျေးရွာသည် သရက်-မင်းလှ ကားလမ်းဘေးတွင်ရှိသော ရွာ လေးတစ်ရွာ ဖြစ်ပါသည်။ ကားလမ်းဘေးရှိရွာဖြစ်သော်လည်း ကျေးရွာမှ သရက်-မင်းလှလမ်းပေါ်ထိ ဆက်သွယ်ဖောက်လုပ်ထားသောလမ်းမှာ နွေရာသီနှင့် ဆောင်းရာသီတို့တွင် သွားလာရန် အဆင်ပြေသော်လည်း မိုးတွင်းကာလတွင် သွားလာရန် အခက်အခဲများစွာ ရှိပါသည်။ ကျေးရွာ၏ အရှေ့ဖက်တွင် ညောင်ပိုင်းကျေးရွာ ၊ ကျေးရွာအနောက်ဖက်တွင် လယ်လှကျေးရွာ ၊ ကျေးရွာတောင်ဘက်တွင် ကွန်းသွန်းကျေးရွာ ၊ ကျေးရွာ မြောက်ဖက်တွင် စစ္စနို့ကျေးရွာတို့နှင့် နယ်နမိတ် ထိစပ်လျှက်ရှိပါသည်။ ကျေးရွာ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ တောင်ယာလုပ်ငန်း ဖြစ်ပါသည်။ မင်းတဲကြီးကျေးရွာသည် မိုးနည်းရေရှားဒေသ ဖြစ်ပါသည်။ ကျေးရွာအနီးတွင် တောတောင် မြစ်ချောင်းများ မရှိဘဲ မြေပြင်အနေအထားမှာ မြေပြန့်ဒေသ ဖြစ်ပါသည်။ ပဲ ၊ နှမ်း စိုက်ပျိုး၍ အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။ မင်းတဲကြီးကျေးရွာသည် မိုးနည်းရေရှားမှု ဖြစ်ပေါ်သည့် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ ဖြစ်သောကြောင့် နှစ်စဉ် သောက်သုံးရေ အခက်အခဲကို ကြုံတွေ့ရစမြဲ ဖြစ်ပါသည်။

## ၃။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

မင်းလှမြို့နယ်၊ မင်းတဲကြီးအုပ်စု၊ မင်းတဲကြီးကျေးရွာတွင်မြေယာအသင့်အတင့်ရှိကြပြီး မြေဆီလွှာကောင်းများကို ပိုင်ဆိုင်ထားသောဒေသ ဖြစ်ပါသည်။ သဘာဝဓာတ်ငွေ့ဖြစ်သည့် ရေနံ လက်ယက်တွင်းများ တည်ရှိရာနေရာ ဖြစ်ပါသည်။ သို့သော်လည်း တောင်သူလုပ်ငန်းကိုသာ အားကိုးအားထားပြု၍ အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။ ပဲ ၊ နှမ်းတို့ကို သမရိုးကျ မိရိုးဖလာ စိုက်ပျိုးနည်းများကိုသာ အသုံးပြုကြပါသည်။ သဘာဝဆေးဘက်ဝင်အပင်များရှိသော်လည်း အသိပညာဗဟုသုတ နည်းပါးခြင်းကြောင့် အသုံးပြုနိုင်မှု အားနည်းပါးသည်။

## ၄။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် အုပ်ချုပ်ရေးမှူးမှ ဦးဆောင်၍ သာရေးနာရေး ကိစ္စရပ်များနှင့် ယဉ်ကျေးမှု ဆိုင်ရာဓလေ့ထုံးစံများတွင် ကျေးရွာလူထုမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်လျှက်ရှိပါသည်။ ကျေးရွာ တွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ လူမှုရေးကဏ္ဍတွင် အုပ်ချုပ်ရေးအဖွဲ့ ၊ အရန်မီးသတ် တပ်ဖွဲ့ ၊ စီးပွားရေး အခြေခံသောကဏ္ဍတွင် သမဝါယမအဖွဲ့ ၊ စိုက်/ဘဏ်အဖွဲ့ ၊ ဘာသာရေးကဏ္ဍ

တွင် ဂေါပကအဖွဲ့ ၊ ဝတ်အသင်းအဖွဲ့ ၊ ခမ္မအလင်းရောင် ပရဟိတအဖွဲ့ စသည်တို့ ဖြစ်ပါသည်။ ၎င်းအဖွဲ့များမှ ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကဏ္ဍအလိုက် အားတက်သရော ပူးပေါင်းဆောင်ရွက်လေ့ရှိပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ကျေးရွာတွင် ပြင်ပအဖွဲ့အစည်းများမှ လာရောက်ဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာ အဖွဲ့အစည်းများ မရှိပေ။ ကျေးရွာတွင် နာရေးကိစ္စနှင့် ပတ်သက်ပြီး နာရေးကူညီမှုအသင်းဟူ၍ မရှိသောကြောင့် နာရေးကူညီမှု အဖွဲ့အစည်းများနှင့် အလှမ်းကွာဝေးသော အခြေအနေတစ်ရပ်ရှိပေသည်။ ကျေးရွာတွင် ကဏ္ဍအလိုက် ဖွဲ့စည်းထားသော အဖွဲ့အစည်းများသည် အဖွဲ့အစည်းဆိုင်ရာ သဘောသဘာဝများနှင့် ပတ်သက်၍ ချိတ်ဆက်မှု အားနည်းနေကြပါသည်။ သို့ဖြစ်ပါ၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အဖွဲ့အစည်းများကို စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ပို့ချနိုင်မည်ဆိုပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာနိုင်မည် ဖြစ်ပါသည်။

## (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏ အဓိက ဝင်ငွေရလုပ်ငန်းသည် တောင်ယာလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေ အနေအထားမှာ သာမန်အားဖြင့် ဆိုးရွားသော အခြေအနေမရှိပေ။ အိမ်ထောင်စုအားလုံး၏ ၁၂.၅% သည် ဆင်းရဲသောသူများဖြစ်ပြီး ၆.၂၅% သည် ချမ်းသာသည့်အဆင့် ၊ ၄၀.၅% သည် အလယ်အလတ်အဆင့် ရှိကြသည်ဟု သတ်မှတ်ကြပါသည်။ လယ်ယာမြေ ပိုင်ဆိုင်မှုရှိသော်လည်း စိုက်ပျိုးရေး နည်းပညာ အားနည်းမှု ၊ မိရိုးဖလာနည်းများကိုသာ အားကိုးအားထားပြုနေရမှုများကြောင့် ကျေးရွာ၏ ဝင်ငွေ ၊ စီးပွားရေးမှာ လျော့နည်းနေပါသည်။ မြေယာပိုင်ဆိုင်ထားရှိနိုင်မှုများနှင့် နှိုင်းယှဉ်လျှင် လျော့နည်းနေသည်ဟု ပြောနိုင်ပါသည်။

ဆင်းရဲသည်ဟု သတ်မှတ်ထားသူများသည် စိုက်ပျိုးမြေ (၁) ဧကမှ (၅) ဧက ပိုင်ဆိုင်သူများ၊ ကျပန်းလုပ်သားများနှင့် ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်ကြသူများ ဖြစ်ကြပါသည်။ အိမ်အခြေအနေမှာ သက္ကယ်အိမ် ၊ ထရံကာ အမျိုးအစား ဖြစ်ပါသည်။ ချောင်လည်သော မိသားစုများသည် စိုက်ပျိုးမြေ (၇) ဧကမှ (၉) ဧကအတွင်း ပိုင်ဆိုင်သူများ ဖြစ်ကြပြီး အိမ်အခြေအနေမှာ တိုက်ခံအိမ် ၊ ပျဉ်ထောင်အိမ် အမျိုးအစား ဖြစ်ပါသည်။ ဖောကားပိုင်ဆိုင်သည့် အိမ်ထောင်စု အနည်းငယ် ရှိပါသည်။

## (ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာရှိ ရွာတွင်းလမ်းများမှာ မြေသားလမ်းဖြစ်ပြီး စက်ဘီး ၊ သုံးဘီးဆိုင်ကယ် ၊ ဆိုင်ကယ် ၊ ကားများ ၊ နွားလှည်းများနှင့် ထွန်စက်များကို မောင်းနှင်ကြပါသည်။ ကျေးရွာသူ /

သားများအနေဖြင့် အနီးဆုံးဈေးကို ကျေးရွာနှင့် မိုင် (၂၀) ကျော် ကွာဝေးသည့် မင်းလှဈေးသို့ လည်းကောင်း ၊ အကြီးစား ဈေးကွက်ကို ကျေးရွာနှင့် (၃၉) မိုင်ခန့် ကွာဝေးသည့် မကွေးဈေးသို့ လည်းကောင်း ကားဖြင့် သွားရောက်ဝယ်ယူကြပါသည်။ ကျေးရွာတွင်းလမ်းမှာ (၃) ဖာလုံ ကျော်သာရှိပြီး မြေသားလမ်း အမျိုးအစား ဖြစ်၍ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းများမှာ ကျောက်ခင်းလမ်း အမျိုးအစား ဖြစ်ပါသည်။ ကျေးရွာမှ လက်ရှိ အသုံးပြုနေသည့် လမ်းများမှာ မိုးရာသီတွင် သွားလာရခက်ခဲပါသည်။

ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား ဆောင်ရွက်သည့်အတွက် လယ်ယာ လုပ်ငန်းတွင် နွားလှည်းကို အသုံးပြုကြပြီး သယ်ယူပို့ဆောင်ရေးတွင် ကား ၊ ဆိုင်ကယ်တို့ဖြင့် အဓိက အသုံးပြုကြပါသည်။ ကျေးရွာတွင် ဆိုလာစနစ် အသုံးပြုသည့် အိမ်ထောင်စု (၅၅) စုနှင့် ဒီဇယ်သုံးအင်ဂျင်မီး သုံးစွဲသူ (၆၅) စု ရှိပြီး ကျန်ရှိသည့် အိမ်ထောင်စုများမှာ ဖယောင်းတိုင်မီး ၊ ဘတ္တရီမီးများကို အသုံးပြုကြပါသည်။ ဒီဇယ်သုံးအင်ဂျင်မီး အသုံးပြုသည့် အိမ်ထောင်စုများ အနေဖြင့် လိုအပ်သည့်အချိန်တွင် မီးမရရှိသည့် အခက်အခဲများ ရှိပါသည်။

သတင်းအချက်အလက်များကို ရေဒီယို ၊ တီဗွီ ၊ စလောင်းများမှ အဓိက ရယူသုံးစွဲကြပြီး ဖုန်း အသုံးပြုသူများသည့်အတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် လက်လှမ်းမီသည့် ကျေးရွာ ဖြစ်ပါသည်။

ကျေးရွာလူထုသည် သောက်သုံးရေအတွက် ကျေးရွာအနောက်ဖက်ရှိ ရေတွင်းမှ အိမ်ထောင်စု (၃၈) စု ၊ ချောင်းရေကို အသုံးပြုနေသည့် အိမ်ထောင်စု (၄၇) စု ၊ မြေသားကန်မှရေကို အသုံးပြုနေသည့် အိမ်ထောင်စု (၅၀) စုရှိပြီး ကျန်ရှိသည့် အိမ်ထောင်စု (၉) စုသည် စိမ့်စမ်းရေကို အသုံးပြုကြပါသည်။ ကျေးရွာအနီးတွင် စီးဆင်းနေသော ချောင်းရှိသောကြောင့် ကျေးရွာသူ/သား များအနေဖြင့် ရေကို တစ်နှစ်ပတ်လုံး အခက်အခဲမရှိ အသုံးပြုနိုင်သော်လည်း မိုးရာသီတွင် ချောင်းရေကြီးမှုကြောင့် ရေများ ကြည်လင်မှုမရှိသည့်အတွက် ချောင်းရေကို သောက်သုံးရေအဖြစ် အသုံးပြုနိုင်ခြင်းမရှိပေ။ ကျေးရွာတွင် ယင်လုံအိမ်သာ အသုံးပြုသည့် အိမ်ထောင်စုမှာ အများဆုံး ဖြစ်ပြီး တွင်းရှိအိမ်သာ အသုံးပြုသူ အနည်းငယ်သာ ရှိပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ကျေးရွာတွင် သမဝါယမချေးငွေလုပ်ငန်း ရှိသော်လည်း ချေးငွေရရှိနိုင်မှုနည်းခြင်း ၊ စိုက်/ ဘဏ် ဌာနမှ အတိုးနှုန်း ပြား (၅၀) ဖြင့် ထုတ်ချေးပေးသော်လည်း ပုံစံ (၇) တင်ပြနိုင်မှသာ ချေးငွေ ရရှိသဖြင့် တောင်သူအများစုမှာ ချေးငွေမရရှိခြင်းများ ကြုံတွေ့နေရပါသည်။ ထို့ကြောင့် ကျေးရွာရှိ တောင်သူများသည် ပြင်ပချေးငွေများကို အတိုးနှုန်း (၅%) ဖြင့် ပိုင်ဆိုင်သည့်မြေကွက်နှင့် သဘောတူစာချုပ်များ ချုပ်ဆို၍ ချေးယူနေရပါသည်။ ကျေးရွာတွင် သက်သာသော ချေးငွေရရှိနိုင်မှု

နည်းပါးသဖြင့် အချို့ အိမ်ထောင်စုများသည် ကျေးရွာတွင်း ငွေချေးပေးသူများထံမှ တစ်လလျှင် အတိုးနှုန်း (၆၀%) မှ (၈၀%) ဖြင့် လည်းကောင်း ၊ မိတ်ဆွေမိသားစုများထံမှ တစ်နှစ်လျှင် အတိုးနှုန်းပမာဏကြီးစွာဖြင့်လည်းကောင်း ချေးယူကြရပါသည်။

ကျေးရွာသား အများစုသည် ချေးငွေကို စားဝတ်နေရေး ၊ ပညာရေး ၊ ကျန်းမာရေးတို့အတွက် ချေးယူကြရပြီး အဓိကအားဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြရပါသည်။ ကျေးရွာလူထုတွင် ချေးငွေလိုအပ်ချက်များပြားကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင်း အကြွေးတင်ရှိမှု အနေအထား ကို လေ့လာဆန်းစစ်ချက်အရ မပြေလည်သော အိမ်ထောင်စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စု များသည် ချေးငွေရရှိမှု နည်းပါးနေပါသည်။

## (င) ပညာရေး

ကျေးရွာ၏ ပညာရေး အဆင့်အတန်းသည် အနည်းငယ် နိမ့်ပါးနေကြောင်း တွေ့ရှိရပါသည်။ ကျေးရွာလူထုအများစုသည် မြန်မာစာပေ အခြေခံ အရေးအဖတ် အတွက်အချက်တို့ကို တတ်မြောက် ကြပြီး ဘွဲ့ရအရေအတွက်သည် ကျေးရွာလူဦးရေနှင့် နှိုင်းယှဉ်ကြည့်လျှင် နည်းပါးနေသေးကြောင်း တွေ့ရပါသည်။ အတန်းပညာ မတတ်မြောက်သည့်သူများလည်း ကျေးရွာတွင် ရှိနေပါသည်။ ကျေးရွာတွင် အခြေခံပညာရေးကို အလယ်တန်းအထိ တက်ရောက်သင်ကြားနိုင်ပြီ ဖြစ်ပါသည်။ သို့သော် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်အတတ်ပညာရပ်များ နိမ့်ကျနေဆဲဖြစ်ပြီး လူငယ် လူရွယ်များအတွက် သင်တန်းများ ဖွင့်လှစ်ပေးနိုင်မည်ဆိုပါက အလုပ်အကိုင် အခွင့်အလမ်းများနှင့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်လာနိုင်မည် ဖြစ်ပါသည်။

## (စ) ကျန်းမာရေး

ကျေးရွာလူထု အများစုသည် သာမန်အားဖြင့် ကျန်းမာပြီး အာဟာရကောင်းမွန်မှု ရှိကြပါ သည်။ ကလေးအများစုသည်လည်း နိုင်ငံတော်၏ ကာကွယ်ဆေးထိုးနှံမှုများ ရှိသောကြောင့် ကျန်းမာဖွံ့ဖြိုး ဉာဏ်ရည်မီသော ကလေးများ ဖြစ်လာပါသည်။ အာဟာရ ဖွံ့ဖြိုးရေးကို စဉ်ဆက် မပြတ် လုပ်ဆောင်နိုင်ခြင်း မရှိသေးသော်လည်း စာသင်ကျောင်းတွင် အလှူရှင်များ လာရောက် လှူဒါန်းသောကြောင့် အာဟာရဖွံ့ဖြိုးရေး၏ တစ်စိတ်တစ်ပိုင်းကို ဖြည့်ဆည်းပေးလျှက်ရှိသည့် အနေအထား ရှိနေပါသည်။ ကျေးရွာတွင် ရာသီအလိုက် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေး ရောဂါ ၊ ဝမ်းပျက်ဝမ်းလျှောရောဂါများသာ ဖြစ်ပွားတတ်ပါသည်။ အဆိုပါ ရောဂါများ ဖြစ်ပွားရ ခြင်း၏ အကြောင်းရင်းခံသည် ပတ်ဝန်းကျင် သန့်ရှင်းမှု ၊ တစ်ကိုယ်ရည်သန့်ရှင်းမှုနှင့် အိမ်သာ သန့်ရှင်းမှု အားနည်းခြင်းတို့ကြောင့် ဖြစ်ပါသည်။ ကျေးလက်ပြည်သူများအနေဖြင့် အခြေခံ ကျန်းမာ ရေး စောင့်ရှောက်မှုကို ကျေးလက်ကျန်းမာရေးဌာန (ခွဲ) တွင် ရရှိနိုင်သော်လည်း သားဖွားဆရာမ

(၁) ယောက်သာ ကျေးရွာတွင် ရှိသောကြောင့် ကျန်းမာရေးကဏ္ဍတွင် လိုအပ်ချက်များ ရှိနေပါသည်။ ရောဂါအခြေအနေ စိုးရိမ်ရပါက ကျေးရွာနှင့် (၃၀) မိုင်ခန့် အကွာအဝေးတွင် တည်ရှိသည့် မင်းလှမြို့နယ် ဆေးရုံရှိသို့သွားရောက်ကုသနိုင်သော်လည်း မိုးရာသီတွင် ဆေးရုံသို့ သွားရသည့်အခါ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုများ ကြုံတွေ့နေရပါသည်။

## (ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

မင်းတဲကြီးကျေးရွာတွင် တောင်သူအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသည့် အိမ်ထောင်စု (၂၅၀) စုရှိ၍ လယ် (၁၇၁) ဧက၊ ယာမြေစုစုပေါင်း (၅၈၀) ဧကရှိပြီး တစ်ရွာလုံး စုစုပေါင်း စိုက်ပျိုးမြေမှာ (၇၅၁) ဧက ရှိပါသည်။ တစ်ရွာလုံးအနေဖြင့် ပျှမ်းမျှ တစ်အိမ်ထောင်လျှင် စိုက်ပျိုးမြေ (၃) ဧကနှုန်း ပိုင်ဆိုင်ကြပါသည်။ ကျေးရွာ၏ အဓိက သက်မွေးလုပ်ငန်းမှာ တောင်သူလုပ်ငန်း ဖြစ်ပြီး အဓိကသီးနှံမှာ နှမ်း ၊ ဝါနှင့် ပဲမျိုးစုံဖြစ်ပြီး ကျေးရွာတွင် နှမ်းစိုက်ဧက အများဆုံး ဖြစ်ပါသည်။ နှမ်းနှင့် ပဲစဉ်းငုံသီးနှံအား ကဆုန် ၊ နယုန်လတွင် စိုက်ပျိုးကြပြီး ပဲကြီးနှင့် ကုလားပဲအား တော်သလင်းလတွင် စိုက်ပျိုးကြပါသည်။ ဝါသီးနှံကို ဝါဆို ၊ ဝါခေါင်လတွင် စိုက်ပျိုးကြပါသည်။ စိုက်ပျိုးရေးတွင် မိုးရေကိုသာ အဓိကထား စိုက်ပျိုးကြပြီး သီးနှံမျိုးစေ့များကို ပြင်ပမှ ဝယ်ယူခြင်းမရှိဘဲ မိမိတို့ကျေးရွာတွင်းရှိ မျိုးစေ့များဖြင့်သာ စိုက်ပျိုးအသုံးပြုကြပါသည်။

ကျေးရွာတွင် ပဲ၊ နှမ်းနှင့် အခြားသီးနှံများ စိုက်ပျိုးရာတွင် ကျရောက်တတ်သော ပိုးမွှားများကို ဓာတုပိုးသတ်ဆေး ၊ ဓာတုမြေသြဇာများ သုံးစွဲမှု များလာသဖြင့် မြေဆီလွှာ အရည်အသွေး နိမ့်ကျလာနိုင်ပါသည်။ တောင်သူများအနေဖြင့် ဘက်စုံ ဓာတုပိုးသတ်ဆေးများ သုံးစွဲခြင်းထက် ထိရောက်သော သဘာဝမြေသြဇာများကို သုံးစွဲခြင်းနှင့် စိုက်ပျိုးရေး နည်းပညာများ ပံ့ပိုးပေးခြင်းဖြင့် သဘာဝ ပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ်ကို ထိန်းသိမ်းနိုင်မည် ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ်ကို ထိန်းသိမ်းရာတွင် အမှိုက်များ စနစ်တကျ စွန့်ပစ်ခြင်းသည်လည်း အလွန်အရေးပါလှပါသည်။

ကျေးရွာပတ်ဝန်းကျင်ရှိ သဘာဝသယံဇာတဖြစ်သော ရေနံ သဘာဝတွင်းထွက်ကို နယ်ပေါင်းစုံမှ လာရောက်တူးဖော်ကြရာတွင် စနစ်တကျတူးဖော်ခြင်း မဟုတ်သောကြောင့် ရာသီဥတု ဆိုးဝါးမှုဒဏ်ကို ခံရနိုင်ပါသည်။ ထို့အပြင် ကျေးရွာလူထုအနေဖြင့် မြေကျွံမှု ၊ မြေနိမ့်မှုများကိုလည်း ခံစားရနိုင်ပါသည်။ ယခင်က တောတောင်ရေမြေများ ၊ သစ်တောများ ၊ စိမ့်စမ်းများ ရှိသော်လည်း နယ်ပေါင်းစုံမှ လာရောက် နေထိုင်ကြသည့် လူများမှ ထင်း ၊ မီးသွေး သုံးစွဲရန်အတွက် စနစ်မကျသော သစ်ခုတ်ယူသူများ အများအပြား ရှိခဲ့ခြင်းကြောင့် ယခုအခါ ခြောက်သွေ့၍ မိုးနည်း ၊ ရေရှားအဖြစ်သို့ ပိုမိုရောက်ရှိနေသော အနေအထားတွင် ရှိနေပါသည်။

ထို့ကြောင့် တောင်ယာများအတွက် ဓာတုပိုးသတ်ဆေးအစား အခြားသဘာဝနည်းလမ်းများ ကို ရှာဖွေဖော်ထုတ်ပေးခြင်း ၊ အမှိုက်များကို စနစ်တကျစွန့်ပစ်တတ်စေရန် နည်းပညာများပေးခြင်း ၊

ကျေးရွာပတ်ဝန်းကျင်ရှိ သဘာဝဓာတ်ငွေ့နှင့် သစ်ပင်များကို အစားထိုးစိုက်ပျိုးရန် စနစ်ကျသော စီမံခန့်ခွဲမှု နည်းပညာများ သင်ယူစေခြင်းဖြင့် တောတောင်ရေမြေနှင့် စိမ့်စမ်းရေများကိုပါ အလို အလျောက် ထိန်းသိမ်းပေးရာ ရောက်စေပါမည်။

### (ဓ) ကျား – မ ရေးရာ

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင် ကျေးရွာလူမှု အဖွဲ့ အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြပါသည်။ ကျေးရွာတွင် ကျားနှင့်မကြား (gender discrimination) ကိစ္စများမတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား ၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေး ၊ စီးပွားရေး ၊ လူမှုရေးနှင့် သာရေးနာရေးကိစ္စများတွင်လည်း အခွင့်အရေး တူညီစွာရရှိသည်ဟု ယေဘုယျအားဖြင့် ဆိုနိုင်ပါသည်။

ပညာရေးနှင့်ဆိုင်သော အခွင့်အရေးများတွင်လည်း အမျိုးသား ၊ အမျိုးသမီး တန်းတူ အခွင့် အရေး ရရှိပါသည်။ အခြားအခွင့်အရေးများဖြစ်သော အုပ်ချုပ်မှုအဖွဲ့အစည်းများတွင် ကျေးရွာလူထု ၏ ဆန္ဒခံယူ၍ ဆန္ဒမဲများပေးကာ ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ အုပ်ချုပ်ရေးမှူးများအထိပါ ပါဝင်ယှဉ်ပြိုင် လာနိုင်သည်ကို တွေ့ရှိရသောကြောင့် ကျား-မတန်းတူညီမျှ အခွင့်အရေးများ ရရှိလာပြီ ဖြစ်ပါသည်။ ထိုသို့ ကျား-မ ခွဲခြားဆက်ဆံခံရမှုများ မရှိခြင်းသည် ကျေးရွာအတွက် ကောင်းမွန်သော အင်္ဂါရပ်တစ်ခု ဖြစ်ပါသည်။

## ၅။ ဦးစားပေးစီမံချက်များ အကောင်အထည်ဖော်မည့် အချိန်ကာလ

| စဉ် | စီမံချက် (Project) | ဦးစားပေး အဆင့် | ၂၀၁၈ ၂၀၁၉ | ၂၀၁၉ ၂၀၂၀ | ၂၀၂၀ ၂၀၂၁ | ၂၀၂၁ ၂၀၂၂ | ၂၀၂၂ ၂၀၂၃ |
|---|---|---|---|---|---|---|---|
| ၁ | ရွာအဝင်လမ်းကျောက်ချောခင်းခြင်း | ၁ | √ | | | | |
| ၂ | ရွာတွင်းလမ်းများအား ကျောက်ကြီးစီမြေနီခင်းခြင်း | ၂ | | √ | | | |
| ၃ | မြေသားရေကန်(၃) ပြုပြင်ခြင်း (သုံးရေ) | ၃ | | | √ | | |
| ၄ | အတိုးနှုန်းသက်သာစွာဖြင့်ချေးငွေများ ထုတ်ချေးပေးနေသည့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ၄ | | | | √ | |
| ၅ | စက်ရေတွင်းတူးဖော်ခြင်း | ၅ | | | | | √ |
| ၆ | အလယ်တန်းကျောင်းခွဲရရှိနိုင်ရေး တင်ပြတောင်းခံခြင်း | ၆ | √ | | | | |
| ၇ | မြေသားရေကန် (၂) ပြုပြင်ခြင်း (သောက်ရေ) | ၇ | | √ | | | |
| ၈ | မြေသားရေကန် (၁) ပြုပြင်ခြင်း (သောက်ရေ) | ၈ | | | | | √ |
| ၉ | အရေးကြီးသွင်းအားစုများ ရရှိမှုတိုးတက်စေခြင်း | ၉ | √ | | | | |
| ၁၀ | လယ်ယာသုံးစက်ယန္တရားများ အားဈေးနှုန်းချိုသာစွာဖြင့် ငှါးရမ်းနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ခြင်း | ၁၀ | | √ | | | |
| ၁၁ | ရောဂါကာကွယ်ဆေးထိုးရေးအစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | ၁၁ | | | √ | | |
| ၁၂ | မျိုးကောင်းမျိုးသန့်စပေါင်းဝယ်ယူနိုင်ရေးစီစဉ်ဆောင်ရွက်ခြင်း | ၁၂ | | √ | | | |
| ၁၃ | နည်းပညာနှင့်အရင်းအနှီးများ ပံ့ပိုး | ၁၃ | | | | √ | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | ပေးခြင်း | | | | | | |
| ၁၄ | တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှုများရရှိရန်ဆောင်ရွက်ခြင်း | ၁၄ | | | | √ | |
| ၁၅ | တောင်သူအသိပညာပေးဟောပြောပွဲများကျင်းပခြင်း | ၁၅ | | | √ | | |
| ၁၆ | လျှပ်စစ်မီးသွယ်တန်းခြင်း | ၁၆ | | | | | √ |
| ၁၇ | အိမ်တိုင်ရာရောက်ရေပေးရေးစနစ်ဆောင်ရွက်ခြင်း | ၁၇ | | √ | | | √ |

**မင်းလှမြို့နယ်၊ မင်းတဲကြီးကျေးရွာအုပ်စု၊ မင်းတဲကြီးကျေးရွာ**

**ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား**

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **လမ်းတံတားလျှပ်စစ်** | | | | | |
| | ရွာအဝင်လမ်းမကြီး | -မိုးရာသီတွင်ရေ | ကျေးရွာလူထုမှလုပ်အား | - | ရွာအဝင်လမ်းကျောက် | ရွာအဝင်လမ်းကျောက်ချော |
| | ကောင်းခြင်း | တိုက်စားမှုများခြင်း | နှင့်ငွေကြေးထည့်ဝင်နိုင်ခြင်း | | ကြီးစီမြေနီခင်းခြင်း | ခင်းခြင်း |
| | | | | | | အကျယ်-၁၂'၊အရှည်-၂၅၀၀' |
| | | -မြေသားလမ်းဖြစ် | | | | |
| | | နေခြင်း | | | | |
| | | -ချောက်ကမ်းပါးပြို | | | | |
| | | ကျမှုများခြင်း | | | | |
| | | -ချောင်းရေတိုက် | | | | |
| | | စားခြင်း | | | | |
| | ရွာတွင်းလမ်းများမ | -မြေသားလမ်းဖြစ် | ကျေးရွာလူထုမှလုပ်အား | - | ရွာတွင်းလမ်းများအား | ရွာတွင်းလမ်းများအား |
| | ကောင်းခြင်း | နေခြင်း | နှင့်ငွေကြေးထည့်ဝင်နိုင်ခြင်း | | ကျောက်ကြီးစီမြေနီ | ကျောက်ကြီးစီမြေနီ |
| | | -မြေပြင်ညီညာမှု | | | ခင်းခြင်း | ခင်းခြင်း |
| | | မရှိခြင်း | | | | |
| | | -လမ်းများကျဉ်း | | | | |
| | | မြောင်းနေခြင်း | | | | |
| | လျှပ်စစ်မီးမသုံးစွဲနိုင် | -မဟာဓာတ်အား | ထရန်စဖော်မာထိုင်ရန် မြေ | | လျှပ်စစ်ဌာနနှင့်ချိတ် | လျှပ်စစ်မီးသွယ်တန်းခြင်း |
| | ခြင်း | လိုင်းနှင့်ဝေးခြင်း | နေရာရှိခြင်း | | ဆက်ဆောင်ရွက်ခြင်း | |
| | | | ကျေးရွာလူထုမှ ငွေကြေး | | | |
| | | | ထည့်ဝင်နိုင်ခြင်း | | | |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၂ | **သောက်သုံးရေဖူလုံရေး** | | | | | |
| | မြေသားရေကန်များ | -နုံးများနေခြင်း | ကျေးရွာလူထုမှ ငွေကြေး | - | မြေသားရေကန်များ | မြေသားရေကန်(၁)ပြုပြင် |
| | တွင်ရေသိုလှောင်မှု | -ရေနေနည်းပါးခြင်း | ထည့်ဝင်နိုင်ခြင်း | | ပြုပြင်ခြင်း | ခြင်း(သောက်ရေ) |
| | နည်းပါးခြင်း | | | | | မြေသားရေကန်(၂)ပြုပြင် |
| | | | | | | ခြင်း(သောက်ရေ) |
| | | | | | | မြေသားရေကန်(၃)ပြုပြင် |
| | | | | | | ခြင်း(သုံးရေ) |
| | သန့်ရှင်းသော | -မြေသားရေကန်မှ | ကျေးရွာလူထုမှ လုပ်အား | - | စက်ရေတွင်းတူးဖော် | သန့်ရှင်းသောသောက်သုံး |
| | သောက်ရေမရရှိခြင်း | ရေကိုသာအသုံးပြု | နှင့်ငွေကြေးထည့်ဝင်နိုင်ခြင်း | | ခြင်း | ရေရရှိရန် စက်ရေတွင်းတူး |
| | | ရခြင်း | စက်ရေတွင်းတူးဖော်ရန်မြေ | | | ဖော်ခြင်း |
| | | -စည်ပင်ဦးစီးမှတူး | နေရာရှိခြင်း | | | အိမ်တိုင်ရာရောက်ရေပေး |
| | | ဖော်ထားသည့်စက် | | | | ရေးစနစ်ဆောင်ရွက်ခြင်း |
| | | ရေတွင်းရှိသော် | | | | |
| | | လည်းရေထွက်မှုမရှိ | | | | |
| | | ခြင်း | | | | |
| ၃ | **စိုက်ပျိုးရေးနှင့်မွေးမြူရေး** | | | | | |
| | သီးနှံအထွက်နှုန်း | -ရာသီဥတုမမှန်ခြင်း | နည်းပညာအထောက်အပံ့ | ပုံစံ(၇)ရှိသော် | လယ်/ဆည်ဌာနှင့် | တောင်သူအသိပညာပေး |
| | မကောင်းခြင်း | -စိုက်ပျိုးရေလုံ | များပေးပါကတောင်သူများ | လည်းစိုက်ပျိုးရေး | ချိတ်ဆက်ဆောင်ရွက် | ဆွေးနွေးပွဲများပြုလုပ်ခြင်း |
| | | လောက်မှုမရှိခြင်း | ဘက်မှစိတ်ပါဝင်စားမှုရှိ | ချေးငွေလုံလောက် | ခြင်း | မျိုးကောင်းမျိုးသန့်စုပေါင်း |
| | | -စိုက်ပျိုးရေးစရိတ် | ခြင်း | စွာမရရှိခြင်း | | ဝယ်ယူနိုင်ရေးစီစဉ်ဆောင် |
| | | ကြီးမြင့်ခြင်း | | | | ရွက်ခြင်း |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၂ | **သောက်သုံးရေဖူလုံရေး** | | | | | |
| | | -စိုက်ပျိုးရေးချေးငွေ | စိုက်ပျိုးရေးအတွက် အမြဲ | ဆင်းရဲသော | | အရေးကြီးသွင်းအားစုများ |
| | | မလုံလောက်ခြင်း | မပြတ်စီးဆင်းနေသော | တောင်သူငယ်များ | | ရရှိမှုတိုးတက်စေခြင်း |
| | | -မျိုးကောင်းမျိုးသန့် | ချောင်းရေရှိခြင်း | တွင်ပုံစံ(၇)မရှိ | | |
| | | ဈေးနှုန်းကြီးမြင့် | | ခြင်း | | |
| | | ခြင်း | | | | |
| | စိုက်ပျိုးရေးစရိတ် | -လုပ်သားရှားပါး | သက်ဆိုင်ရာဌာနမှ ဦး | ပုဂ္ဂလိကစက်ယန္တ | နိုင်ငံတော်စီမံချက်ဖြင့် | လယ်ယာသုံးစက်ယန္တရား |
| | ကြီးမြင့်မှုနှင့်စိုက်ပျိုး | ခြင်း | ဆောင်၍စက်ယန္တရားများ | ရားငှားရမ်းခဈေး | စက်ယန္တရားများတာ | များဈေးနှုန်းသက်သာစွာ |
| | ရေးထွက်ကုန်ဈေး | -ခိုင်းနွားမလုံ | ဈေးနှုန်းသက်သာစွာဖြင့် | ကြီး၍ငွေကြေးမ | ဝန်ခံငှားရမ်းပေးခြင်း | ငှားရမ်းသုံးစွဲနိုင်ရန် ချိတ် |
| | နှုန်းများကျဆင်းခြင်း | လောက်ခြင်း | ငှားရမ်းပေးလျှင် လယ် | တတ်နိုင်ခြင်း | နိုင်ငံတော်မှလယ်ယာ | ဆက်ဆောင်ရွက်ခြင်း။ |
| | | -လယ်ယာသုံးစက် | သမားများမှ စိတ်ပါဝင်စားမှု | ထွက်ကုန်ဈေးနှုန်း | ထွက်ကုန်သီးနှံများ | |
| | | ကိရိယာမလုံ | ရှိခြင်း | များကျဆင်း၍ | အား ဈေးနှုန်းသတ် | |
| | | လောက်ခြင်း | | ကုန်ကျစရိတ်နှင့် | မှတ်ခြင်း | |
| | | | | ရငွေကွာခြားမှုရှိ | | |
| | | | | ခြင်း | | |
| ၃ | **စိုက်ပျိုးရေးနှင့် မွေးမြူရေး** | | | | | |
| | မွေးမြူရေးနည်း | -နည်းပညာဝန် | - | - | မွေးကုဦးစီးဌာနနှင့် | တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ |
| | ပညာအားနည်းခြင်း | ဆောင်မှုအားနည်း | | | ချိတ်ဆက်၍ ဝန်ဆောင် | ဝန်ဆောင်မှုများရရှိရန် |
| | | ခြင်း | | | မှုပြည့်ဝစွာရရှိအောင် | ဆောင်ရွက်ခြင်း |
| | | | | | ဆောင်ရွက်ခြင်း | |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၃ | **စိုက်ပျိုးရေးနှင့် မွေးမြူရေး** | | | | | |
| | ရောဂါကျဆင်း | -ကာကွယ်ဆေးပုံမှန် | | | တိရစ္ဆာန်ရောဂါကာ | ရောဂါကာကွယ်ဆေးထိုး |
| | | မထိုးခြင်း | | | ကွယ်ကုသရေးအတွက် | ရေးအစီအစဉ်အကောင် |
| | | | | | အလေးထားဆောင် | အထည်ဖော်ဆောင်ရွက်ခြင်း |
| | | | | | ရွက်ခြင်း | |
| ၄ | **ပညာရေး** | | | | | |
| | အလယ်တန်း | -မူလတန်းအဆင့် | အလယ်တန်းကျောင်း | ညောင်ဝိုင်း | ပညာရေးဦးစီးဌာနနှင့် | အလယ်တန်းကျောင်းခွဲရရှိ |
| | ကျောင်းအဆင့်မြှင့် | ပြီးသည့်ကျောင်း | အဆင့်တက်ရောက်လိုသည့် | အထက်တန်း | ချိတ်ဆက်၍အလယ် | နိုင်ရေးတင်ပြတောင်းခံခြင်း |
| | တင်ပေးရန်လိုအပ် | သားဦးရေများလာ | ကျောင်းသားဦးရေများပြား | ကျောင်းသို့သွား | တန်းကျောင်းချထား | |
| | ခြင်း | ခြင်း | လာခြင်း | ရောက်ပညာသင် | ပေးရန်တောင်းခံခြင်း | |
| | | | | ကြားနေရခြင်း | | |
| | | | | ငွေကုန်ကြေးကျ | | |
| | | | | များခြင်း | | |
| | | | | ဆင်းရဲသည့်အိမ် | | |
| | | | | ထောင်စုများမှ | | |
| | | | | ပညာသင်ကြား | | |
| | | | | ရန်အခက်အခဲရှိ | | |
| | | | | ခြင်း | | |
| | | | | | | |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၅ | **ကျန်းမာရေး** | | | | | |
| | ရာသီအလိုက်ဖြစ် | -ရာသီဥတုကရောဂါ | - | - | ကျန်းမာရေးဆိုင်ရာ | ကျေးလက်ဆေးပေးခန်း |
| | သောရောဂါများဖြစ် | ဖြစ်မှုကိုအားပေးနေ | | | အဆောက်အဦ၊ပစ္စည်း | တည်ဆောက်ခြင်းနှင့် ကျန်း |
| | ခြင်း | ခြင်း | | | ကိရိယာများပြည့်စုံစွာ | မာရေးဝန်ထမ်းတင်ပြ |
| | | -ကျန်းမာရေးဆိုင် | | | ဖြည့်ဆည်းခြင်း | တောင်းခံခြင်း |
| | | ရာအသိအားနည်း | | | -လစ်လပ်ကျန်းမာရေး | |
| | | ခြင်း | | | ဝန်ထမ်းများခန့်ထား | |
| | | -အခြေခံပညာအား | | | ပေးရန်တောင်းခံခြင်း | |
| | | နည်းခြင်း | | | | |
| ၆ | **ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့်ဘဏ်** | | | | | |
| | ကျပန်းလုပ်သားများ | -အလုပ်အကိုင်များ | ကျေးရွာလူထုမှစိတ်ဝင်စား | ကျပန်းလုပ်သား | လက်ရှိအစိုးရဌာနများ | အတိုးနှုန်းသက်သာစွာဖြင့် |
| | လုပ်အားခများကြို | ရှားပါး၍ဆင်းရဲ | မှုရှိခြင်း | များအတွက်အတိုး | မှထုတ်ချေးနေသည့် | ချေးငွေများထုတ်ပေးနေ |
| | ထုတ်သုံးစွဲခြင်း၊အ | ခြင်း | ကိုယ်ပိုင်နေအိမ်ခြံကွက်များ | နှုန်းသက်သာစွာ | ချေးငွေစီမံကိန်းများချ | သည့်ဌာနဆိုင်ရာအဖွဲ့အ |
| | တိုးနှုန်းများကြီးခြင်း | -အသိပညာဗဟုသု | ရှိခြင်း | နှင့်လုံခြုံစွာချေး | ထားပေးရန်တောင်းခံ | စည်းများနှင့်ချိတ်ဆက် |
| | | တနည်းပါးခြင်း | | ပေးနိုင်သောအဖွဲ့ | ခြင်း | ဆောင်ရွက်ခြင်း |
| | | -ပိုင်ဆိုင်မှုသက်သေ | | အစည်းမရှိခြင်း | | |
| | | ခံပစ္စည်းမရှိ၍အစိုး | | | | |
| | | ရထံပေါင်နှံလှည့် | | | | |
| | | ပတ်သုံးစွဲ၍မရခြင်း | | | | |
| | | | | | | |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၇ | **လူငယ်ဖွံ့ဖြိုးရေး** | | | | | |
| | အလုပ်အကိုင်အခွင့် | -ပုံမှန်ဝင်ငွေရ | လူငယ်များမှ စိတ်အားထက် | သင်တန်းတက် | ကျေးလက်ဦးစီးနှင့် | အသက်မွေးဝမ်းကျောင်း |
| | အလမ်းရှားပါးခြင်း | လုပ်ငန်းမရှိခြင်း | သန်မှုရှိခြင်း | ရောက်ရန်ငွေ | ချိတ်ဆက်ခြင်း | အထောက်အကူပြုသင်တန်း |
| | | -လက်မှုပညာ | | ကြေးမတတ်နိုင် | | များဖွင့်လှစ်ခြင်း |
| | | မတတ်ခြင်း | | ခြင်း | | |
| | | | | ချိတ်ဆက်ရမည့် | | |
| | | | | နေရာမသိရှိခြင်း | | |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၅ | ၇ | ၁၂ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၂၁ | ၂၁ | ၄၂ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၁ | ၂၆ | ၅၇ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၀ | ၇ | ၁၇ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၁၂ | ၂၀၇ | ၄၁၉ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၂၅ | ၃၂ | ၅၇ |
| စုစုပေါင်း | | ၃၀၄ | ၃၀၀ | ၆၀၄ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၄၄ | | |

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လူဦးရေစုစုပေါင်း (၆၀၄) ဦးရှိပြီး အိမ်ထောင်စုတစ်စုလျှင် ပျမ်းမျှလူဦးရေ (၄) ဦးရှိပါသည်။ (၁) နှစ်အောက်ကလေးငယ် (၁၂) ဦးနှင့် သက်ကြီးရွယ်အို (၅၇) ဦးရှိပြီး မူလတန်း၊ အလယ်တန်း ကျောင်းသားဦးရေ (၇၄) ဦးရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ် (၄၁၉) ဦးရှိပါသည်။ အများစုသည် အလယ်တန်းအထိ ပညာသင်ဖူးခဲ့ကြပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၂၃ | ၂၅၀ | | မြင့် ✔ လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၅၀ | မြင့် ✔ လတ်☐နိမ့်☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၅ | မြင့်☐လတ်☐နိမ့် ✔ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၀ | ၂၀ | ၃ | မြင့်☐လတ် ✔နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၁၀ | | မြင့်☐လတ် ✔နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၂ | မြင့်☐လတ်☐နိမ့် ✓ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | | မြင့်☐လတ်☐နိမ့် ✓ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၂၀ | | မြင့်☐လတ် ✓ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | ၃၀ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၁၀ | မြင့်☐လတ်☐နိမ့် ✓ |
| | **စုစုပေါင်း** | ၁၃၇ | ၂၈၂ | ၁၀၀ | ☒ |

ရင်းမြစ်…(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ **"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင်လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အိမ်ထောင်စု (၁၄၄) စုရှိသည့်အနက် တောင်သူအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသည့် အိမ်ထောင်စု (၂၅၀) စုရှိပြီး ကျန်ရှိသည့် အိမ်ထောင်စုများ

သည် မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်ဆောင်ရွက်များ ဖြစ်ကြပါသည်။ ကျေးရွာရှိ လူငယ်အများစုသည် ထိုင်းနှင့် မလေးရှားနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နေကြသည်ကို တွေ့ရှိရပါသည်။ လက်ယက်တွင်း ရေနံတူးဖော်ခြင်းကို အိမ်ထောင်စု (၁၀)စုခန့် လုပ်ကိုင်ပါသည်။

## (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၄၀၀၀ | ၄၀၀၀ | ၂၀၀၀ | ၂၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၁၀၀၀၀ | - | ၇၀၀၀ | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | - | - | - | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်နိုင်မှုမရှိသည့် ကျေးရွာသူ/သားများအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြား အသက်မွေးဝမ်းကျောင်း လုပ်ငန်းတို့တွင် နေ့စဉ် ဝင်ရောက်လုပ်ကိုင်ကြပြီး ကျေးရွာ၏ နေ့စားလုပ်အားခနှုန်းထားအား ကျား၊ မအလိုက် ခွဲခြား သတ်မှတ်ထားခြင်းမရှိဘဲ တန်းတူအခွင့်အရေး ရရှိသည်ကို တွေ့ရှိရပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၇၁ | ကောင်း ☐ သင့် ✔ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၅၈၀ | ကောင်း ✔ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | **၇၅၁** | ☒ |

ရင်းမြစ် ...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုဧကစုစုပေါင်း (၇၅၁) ဧက ရှိသည့်အနက် လယ်မြေ (၁၇၁) ဧကနှင့် ယာမြေ (၅၈၀) ဧက ရှိသော်လည်း အချို့နေရာများတွင် မြေပြင်ညီညွတ်မှုမရှိသောကြောင့် စိုက်ပျိုးရာတွင် အခက်အခဲများ ရှိပါသည်။

### ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ☐ သင့် ✔ နည်း☐ မရှိ☐ | လွယ် ✔ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ✔ သင့်☐ နည်း☐ မရှိ☐ | လွယ်☐ ခက် ✔ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ✔ သင့်☐ နည်း☐ မရှိ☐ | လွယ် ✔ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့် ✔ နည်း☐ မရှိ☐ | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ မိုးရာသီတွင် ချောင်းရေကြီးမှုဖြစ်သည့်အတွက် သဲနှင့် ကျောက်စရစ်များ သယ်ယူပို့ဆောင်ရာတွင် အခက်အခဲများ ရှိပါသည်။ သဘာဝဆေးဘက်ဝင်အပင်များ ရှိသော်လည်း အသိပညာ ဗဟုသုတ နည်းခြင်းကြောင့် အသုံးပြုမှု အားနည်းပါသည်။ နွားစာအတွက် စားကျက်မြေ ကျယ်ပြန့်စွာ ရှိသည်ကို တွေ့ရှိရပါသည်။

## (ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၉ ဧက | ၈ ဧက / ၇ဧက | ၆ ဧက / ၅ဧက | ၂ ဧက / ၁ ဧက |
| အိမ်အခြေအနေ | တိုက်ခံ | ပျဉ်ထောင်အိမ် | ထရံကာ | သက္ကယ်အိမ် |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ဖောကား၊ဖုန်း၊ ဆိုင်ကယ် | ဆိုင်ကယ်၊ဖုန်း၊ တီဗွီ | ဖုန်း | - |
| အဓိကစီးပွားရေး လုပ်ငန်း | စိုက်ပျိုးရေး | စိုက်ပျိုးရေး | ထိုင်း၊ မလေးရှား | ကျပန်း |
| **အိမ်ထောင်စု** | ၂၈ | ၃၁ | ၄၅ | ၄၀ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

